

# ပေါက်ကြနေတဲ့ မြီးလောင်း

[illegible]

[illegible] ....

[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible]
[illegible] ...

# မြစ်ပြင်ပေါ် ထိုးကျနေတဲ့ လရောင်

နေဝင်ချိန်တွေ တဖြည်းဖြည်း မြန်လာတဲ့ မိုးနှောင်းဆောင်းဦးရာသီပါ။ နှလုံးသားချင်း သိတဲ့ချစ်သူတွေက မျှော်နေကြမှာပဲ။ ဒီနှစ် ဆောင်းအတွက် ပထမဆုံးကျလာတဲ့ နှင်းဦးစက်ကလေးတွေအောက် လမ်းလျှောက်ရင်း ဥပုသ်ဈေးကလေးဆီ သွားဖြစ်ကြသေးလား။ ကျွန်တော်က ချစ်တဲ့သူတွေ ဝေးကွာသွားမှာကို မလိုလားပါဘူး။

"မြေနီလမ်း ဆည်းဆာများ" လို့ အမည်ရတဲ့ အလွမ်းကဗျာရှည်တစ်ပုဒ်က ရင်ထဲမှာ ငွေ့ရည်ဖွဲ့လို့၊ မိတ်ဆွေတွေအားလုံးကို ကျွန်တော့်စိတ်ကူးနဲ့ ပျော်ရွှင်ခွင့် ရစေချင်ပါသေးတယ်။

ကျွန်တော့်စိတ်ခံစားမှုကလည်း မြို့ကလေးအပေါ်မှာ မျှတစေချင်တယ်။ အခုအချိန်မှာ ခင်ဗျားတို့အနေနဲ့ အနုပညာရေဒီယိုသတ္တိကြွနိုင်ခွင့် အားအင်တွေ နည်းကောင်းနည်းနေမှာပဲ။ မြို့ကလေးမှာ အနုပညာဆန်တဲ့ လူငယ်တွေ အင်အားဘယ်လောက် ကျန်သေးလဲ။

စိတ်ကူးတခြား၊ လူတခြား၊ ဘဝတခြား၊ အပြုအမူတခြား၊ လမ်းပျောက်နေတဲ့ စိတ်ကူးတွေနဲ့ ဘဝရဲ့ လက်တွေ့ကျမှုတွေကို မျိုသိပ်နင်းဖြတ်ရင်း ဖြစ်တည်မှုတွေ တစ်စီ ပြိုကွဲနေမှာပဲ။

မိတ်ဆွေတို့ရေ... အရက်ဆိုင်တွေမှာ ယဉ်ကျေးမှု ရှိ မရှိဆိုတာ မသေချာပေမယ့် ခင်ဗျားတို့နဲ့အတူ ညနေခင်းတွေကို လွမ်းနေမိတယ်။

ထနောင်းပင်ရိပ်မှာ ဖျာတစ်ချပ်ခင်းပြီး စိမ်ရည်နဲ့သင်းသင်းကို အနံ့ခံရင်း သီချင်းတချို့ကို ညည်းနေဖြစ်သေးလား။ အနုပညာရဲ့ သေရည်က ခန္ဓာကိုယ်ထဲ ချိုမြခါးရှလှပ ဆောင်းဦးညနေ။

အနုပညာထဲမှာ သေရည် ရှိ မရှိ မသေချာပေမယ့် သေရည်ထဲမှာတော့ အနုပညာရှိလိမ့်မယ်လို့ ထင်မိတယ်။ ကျွန်တော်က ဘဝရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို

နေဝင်လမ်းမရဲ့ ဟိုး… တစ်ဖက်စွန်း ချောက်ကမ်းပါးထဲ ပစ်ချတတ်သူပါ။ ဒါပေမယ့်လည်း စိတ်ကူးစိတ်သန်း အပြောင်းအလဲတွေဖြစ်တိုင်း ဝန်ထုပ်ဝန်ပိုးတွေဟာ ဘဝရဲ့ ဝန်တင်လှည်းပေါ်မှာ လေးလံရတယ်။

ကျွန်တော်တို့တစ်တွေ စည်းစည်းလုံးလုံး ဖြတ်သန်းခဲ့ကြတဲ့ သက္ကရာဇ်တွေက ထင်မှတ်တတ်တဲ့ အသည်းနှလုံးရဲ့ ကျောက်သားပေါ်မှာ ထင်းပြက်လင်းလက်လို့ မညီညွတ်တော့တဲ့ နေ့ရက်တွေကလည်း လိုချင်တပ်မက်စိတ်တွေနဲ့ ပြည့်သိပ်ခဲ့ရတယ်။

တစ်ခါတစ်ရံမက်တဲ့ အိပ်မက်တွေမှာ သတိရခြင်း လိပ်ပြာတွေဟာ အဝေးကို ငေးကြည့်နေမိတဲ့ မျက်ဝန်းတွေထဲ ပျံသန်းလို့။ ဒီလိုနဲ့ ကျွန်တော်ရေးဖွဲ့တင်ဆက်တဲ့ ဝတ္ထုတွေဟာ မြို့ကလေးရဲ့ သွေးတိုးနှုန်းတွေ တရစပ် လျှင်လျှင်မြန်မြန် စီးဆင်းလို့။

သတိရခြင်းတွေ အပ်ကြောင်းထပ်ခဲ့ပြီ။ ငေးကည့်မျှော်လင့်ခြင်းတွေ အပ်ကြောင်းထပ်ခဲ့ပြီ။ တမ်းတခြင်းတွေ အပ်ကြောင်းထပ်ခဲ့ပြီ။ အပ်ကြောင်းထပ်နေတဲ့ တပ်မက်ခြင်းနဲ့ပဲ အရောင်ပြန်ခဲ့ပါဦးမယ်။

မြို့လယ်ကောင်က အဝေးပြေးလမ်းထောင့်ကွေးကလေးမှာ စကားတွေပြောရအောင် ကျွန်တော် ပြန်ခဲ့ပါမယ်။ ခင်ဗျားတို့ရဲ့ မျှော်လင့်ခြင်းတွေကို ဖြည့်ဆည်းဖို့၊ ခင်ဗျားတို့ အနာဂတ်တွေကို အားပေးဖို့၊ ခင်ဗျားတို့ရဲ့ စိတ်ခံစားမှုတွေကို စာနာနားလည်ဖို့ ကျွန်တော် ပြန်ခဲ့မယ်။

အားလုံးဟာ ကျွန်တော့်ရင်အုံပေါ်က မရမ်းမနား ခုန်လှုပ်နေတဲ့ ဂဠုဒုက္ခပါ။ ခင်ဗျားတို့ရဲ့ မျှော်လင့်ခြင်းဟာလည်း ကျွန်တော့်ရဲ့ မျှော်လင်ခြင်းပါ။

အထီးကျန်ခြင်းတရားကို နားနေရတဲ့ မြို့ကလေးရေ… အားတင်းထားစမ်းပါ။ အထီးကျန်ခြင်းတွေကို ဖြေသိမ့်ဖို့ ကျွန်တော် ပြန်လာခဲ့မယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ချစ်ခဲ့ဖူးတဲ့ သူတွေအားလုံးကို အကျိုးအကြောင်းတွေ

ငြိမ်းငြိမ်းချမ်းချမ်း ပြောပြဖို့ ပါတီပွဲကလေးတစ်ခု လုပ်ချင်တယ်။ ကျွန်တော့်ရဲ့ ပါတီကို တက်ရောက်မယ့်သူတွေရဲ့ စာရင်းကို ပြုစုပေးပါ။ ချစ်ခြင်းမေတ္တာတရားက အထပ်ထပ် အကြိမ်ကြိမ် ရွတ်ဆိုရမယ့် အကြောင်းအရာတစ်ခုပေ့ါ။ ကျွန်တော့်ကို မုန်းတဲ့သူတွေ၊ ကျွန်တော့်ကို လျစ်လျူရှုသူတွေ ပြီးတော့... ချစ်တဲ့သူတွေ အားလုံးကို ကျွန်တော်က တွေ့ဆုံထွေးပွေ့ချင်ပါတယ်။

ဘယ်လောက်ပဲ ဖရိုဖရဲနိုင်တဲ့ ဘဝဖြစ်တည်မှုတွေ ရှိနေပါစေ၊ ဖြတ်သန်းရာလမ်းတစ်လျှောက် ငြိတွယ်နိုင်တဲ့ စိတ်ခံစားမှုပါ။ တချို့သင်္ကေတဓာတ်တွေဟာ ကျွန်တော့်အတွက် မိတ်ဆွေတွေရဲ့ အသည်းကွဲမှုအားလုံး သိမ်းထုပ်ယုယ အရိပ်ကြည့်နေရပြီလား။ ချစ်သော မြစ်မရောဂတီ၊ အနုပညာတို့ရဲ့ ရောဂတီ၊ မြို့ကလေးရဲ့ ရောဂတီ၊ မင်းကို လက်ကျိုးနေသူတစ်ယောက်ရဲ့ လက်ကလေးကို တို့မြို့ကလေးက ပတ်တီးစည်းပြီး လည်ပင်းမှာ လွယ်ထားရတာပါ။

အခုဆိုရင် ကျွန်တော်တို့ မိသားစုကလေးက မြို့ကလေးရဲ့ အဝေးမှာ...။ သားတွေကို မွေးထားတဲ့ အမေဟာ သားတွေနဲ့ ဝေးရာမှာ ပျင်းနေမှာပဲ။ မယဉ်ပါးခဲ့တဲ့ အကြောင်းအရာတွေဟာ စိတ်ခံစားမှု ပိုးသားအိအိစက်စက်ပေါ် စွဲငြိတော့ ရုန်းမထွက်နိုင်ဘဲ နစ်မြုပ်ခဲ့ရတယ်။ မြို့ကလေးရေ... အနုပညာတွေသာ မျိုးပွားပါစေတော့။ ဒီနွံက နစ်သွားမှ ပြီးမှာ ဆိုပေမယ့်...

နောင်တမဲ့ သေခြင်းတရားဟာ ကျွန်တော့်ကို လက်လှမ်းမမီခင်တော့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ကွင်းပြင်ပေါ်က လရောင်မှာ မူးယစ်တွယ်ငြိ လွင့်ပါးချင်သေးတယ်။ အသံထွက်ကောင်းတဲ့ ဂစ်တာတစ်လုံးသာ ရှာထားလိုက်ပါ။ ဟောဒီ ဆောင်းဦးပေါက်ရဲ့ မြောက်ပြန်လေအေးနဲ့အတူ ခင်ဗျားတို့ရဲ့ နှလုံးသားလွင်ပြင်ဒေသဆီ အရောက်လာခဲ့ပါ့မယ်။

အဲဒီ ကျမှ ရောဂတီမြစ်ရေပြင်ပေါ် ထိုးကျနေတဲ့ လရောင်အောက်မှာ ကျွန်တော်တို့သူငယ်ချင်းတွေ ပြန်ဆုံကြသေးတာပေ့ါ။ ။

***

# သစ်ရွက်ပြာ

တောမီးလောင်လို့ ပြာဖြစ်သွားတဲ့ သစ်ရွက်ကလေးတွေ လေရူးနဲ့အတူ မျောလွင့်လာတဲ့အခါ။ အဲဒီ သစ်ရွက်ပြာကလေးတွေ လေရူးနဲ့အတူ မျောလွင့်ရင်း အိပ်ခန်းပြတင်း၀ ဝင်ရောက်လာတဲ့အခါ သစ်ရွက်ပြာကလေးကို လက်နှစ်ဖက်ရဲ့ ညင်သာဖွဖွ ဖမ်းယူပြီး တီးတိုးစကားတွေ ပြောမိနေဦးမယ်။

ကြည်စိမ်းအေးမြနေတဲ့ မြစ်ရေဟာ ငြိမ့်ငြိမ့်ညင်သာ စီးဆင်းရင်း မြစ်ရဲ့ကြမ်းပြင်က ကျောက်ခဲသေးသေးကလေးတွေကို ပွတ်တိုက်သယ်ဆောင်သွားမှာပေါ့။ တစ်ဖက်ကမ်းတောင်ကုန်းပေါ်က သစ်ရွက်တွေမှာတော့ သစ်ရွက်တွေဟာ စိမ်းရင့်ရာက ဝါရော်ကြပြီ။

စိတ်တွေ ပျံ့လွင့်လိုက်တာ… မောင်ရယ်။ ဟိုတုန်းကလို မောင့်ကို သတိရလိုက်တာနဲ့ ကျွန်မရဲ့ နောက်ကျောဘက်ရောက်လာတဲ့ မောင့်ရဲ့အရိပ်ဟာ တည်ငြိမ်စွာ စီးဆင်းနေတဲ့ မြစ်ရေပြင်မှာ အရိပ်လာထင်သလိုမျိုး အခွင့်အရေးတွေ အခြေအနေတွေ ဆုံးရှုံးခဲ့ပါပြီ။

မောင်… ကျွန်မရဲ့ လေးနက်တဲ့အချိန်ကာတွေမှာ စိတ်ရဲ့ အလိုအတိုင်း အာရုံရဲ့ အရိပ်ထင်ရာမှာ ဆန္ဒတွေ ပြည့်ဝခဲ့တာပေါ့။

တိတ်ဆိတ်မှုတွေနဲ့ တည်ငြိမ်နေတဲ့ နွေဦးနံနက်ခင်းရဲ့ ဆောင်းနှောင်းတိုက်လေတွေကြားမှာ ကျွန်မတို့ရဲ့ စကားသံတွေလည်း တိုးတိတ်ညှံ့သက်ခဲ့တာနော်။

မောင်ရယ်… ကျွန်မတို့ဟာ မြစ်ကမ်းဘေးရွာကလေးမှာ မွေးဖွားကြီးပြင်းခဲ့ကြတာ။ မြစ်ရေပြင်ရယ်၊ သဲသောင်ပြင်ရယ်၊ ကမ်းပါးယံရယ်၊ ကမ်းခြေတွေရယ်၊ လွင်ပြင်တွေရယ်၊ တောင်ကုန်းတွေရယ်၊ သစ်ပင်တွေရယ်၊ သစ်ရွက်တွေရယ်…။ မိုးရာသီဆိုရင် မြစ်တွင်းမှ ရေပြင်ကျယ်၊ ဆောင်းရာသီဆို မြစ်လယ်မှာ သောင်ပြင်ကျယ်၊ နွေရာသီဆို တောင်ကုန်းမှာ တောမီးတွေနဲ့

မီးပင်လယ်...။

အဲဒီ သဘာဝတွေကြားထဲမှာ မောင်နဲ့ ကျွန်မဟာ ဟသာငှက်ငယ်။

ငှက်တွေပါပဲ မောင်ရယ်၊ ငှက်တွေလိုပါပဲ...။ ရာသီတွေလိုက်ပြီး နေရာတွေ ရွှေ့ခဲ့ကြရတာ မဟုတ်လား။ ဖောင်တော်ဦးစေတီတော်က တောရကျောင်းကလေးဆီ ရောက်ခဲ့တုန်းက ဘုန်းတော်ကြီး မိန့်ခဲ့တာလေ။ အဆုံးစွန်ပျက်ခြင်းတရား မတိုင်မီ ဖြစ်နေတဲ့ဘဝမှာကိုပဲ ဖြစ်ခြင်းခဏငယ်ကာ၊ ပျက်ခြင်းခဏငယ်ကာလတွေနဲ့ ဖွဲ့စည်းထားတဲ့အရာဟာ ဘဝပဲ...။

တရားဆိုတာ သိရုံနဲ့ မပြီးခဲ့ပါဘူး မောင်ရယ်။ တပေါင်းလမှာ တိုက်တဲ့လေဟာ စိတ်တွေကို ခန္ဓာကိုယ်က လွင့်ခွာသွားစေခဲ့တယ်။ ဆောင်းသီးနှံခင်းထဲက အခင်းစောင့်တဲကလေးကို မောင် သတိရသေးလား။ အဲဒီ တုန်းက အခုလို ကံကြမ္မာက ချစ်ခြင်းကို ရက်ရက်စက်စက် ခွဲခွာပစ်လိမ့်မယ်လို့ ဘယ်လိုမှ မထင်မှတ်လောက်အောင် ရစ်ပတ်ခဲ့ကြတာနော်။

မောင်နဲ့ပတ်သက်လာရင် သူငယ်ချင်းတွေအကြောင်း မစဉ်းစားမိဘဲ မနေပါဘူး။ သူငယ်ချင်းတွေက မောင်နဲ့ ကျွန်မ နှစ်ယောက်စလုံးရဲ့ သူငယ်ချင်းတွေပါ။ ဒါပေမယ့် အရေးရယ် အကြောင်းရယ်ဆို သူငယ်ချင်းတွေအားလုံးက မောင့်ဘက်က ရပ်တည်ခဲ့ကြတယ်။ စကားကလေး တစ်ခွန်းတောင်း အစွန်းအထင်း မခံခဲ့ကြဘူး။ မောင်နဲ့ပတ်သက်လာတိုင်း သူငယ်ချင်းတွေရဲ့ သစ္စာရှိမှုကို အခုအချိန်မှာ ပြန်စဉ်းစားကြရင် အံ့သြလို့ မဆုံးခဲ့ဘူး။

မောင့်ရဲ့ ခွန်အားဟာ မောင့်ရဲ့ သစ္စာတရားပဲ ဖြစ်မယ်။ မောင့်ရဲ့ သစ္စာတရားအတွက် သူငယ်ချင်းတွေအားလုံးကလည်း မောင့်ဘက်က ရပ်တည်ခဲ့ကြတယ်။ မောင့်အတွက်ဆို ဘာကိုမှ အပြုလဲ မခံခဲ့ကြဘူး။ မောင့်ကို အကာအကွယ် ပေးခဲ့ကြတာပဲ။

ကျွန်မအတွက်တော့ မောင့်ရဲ့ သူငယ်ချင်းတွေကအစ လွမ်းစရာကောင်းနေတော့တာပါ မောင်ရယ်...။

ဟိုးတုန်းက မောင်နဲ့ကျွန်မ ချိန်းတွေ့ဖို့ အခြေအနေတွေ မပေးတာကိုတောင်မှ မောင့်ရဲ့သူငယ်ချင်းတွေက ကျွန်မတို့နှစ်ယောက် တွေ့နိုင်ဖို့ ဆောင်ကြဉ်းပေးခဲ့သေးတာ။ အရဲမစွန့်လိုတဲ့ ကျွန်မကို အရဲစွန့်လိုစိတ် ဖြစ်လာအောင် မောင့်သူငယ်ချင်းတွေက မောင့်အတွက် ဖြားယောင်းခဲ့ကြတာ၊ မောင့်အတွက် ဂုဏ်ယူမိပါတယ်။

မြစ်ကိုကူးပြီး တောင်ရိုးပေါ်မှာ အတာပန်းခူးသွားဖို့ပဲ ဖြစ်ဖြစ်၊ ဖောင်တော်ဦးစေတီအောက်က တောရကျောင်းကလေးဆီ ဘုန်းကြီးကန်တော့သွားတဲ့အခါ ဖြစ်ဖြစ် ကျွန်မကို လိုက်ဖြစ်အောင် သူငယ်ချင်းတွေက မောင့်အတွက် ကူညီပေးခဲ့ကြသေးတယ်။

ပြန်စဉ်းစားကြည့်ရင် အခုအချိန်မှာ ပြန်မရနိုင်တော့တဲ့ ကြည်နူးဖွယ်အဖြစ်အပျက်တွေ၊ ကြည်နူးဖွယ် အချိန်တွေပါ။

ပိန်းလှေကလေးကို စီးပြီး မြစ်တစ်ဖက်ကမ်း တောင်ရိုးပေါ် အတာပန်းခူးရာကအပြန် မြစ်လယ်မှာ လှေကိုမှောက်ပစ်တုန်းက အရမ်းစိတ်ဆိုးခဲ့တာပေါ့။ ဒါပေမယ့် အခုအချိန်မှာ ဘယ်လိုမှ မေ့ဖျောက်လို့ မရနိုင်တဲ့ လွမ်းစရာတွေပါကွယ်။ မိန်းကလေး သူငယ်ချင်းပဲဖြစ်ဖြစ်၊ ယောကျ်ားလေး သူငယ်ချင်းပဲဖြစ်ဖြစ် သူငယ်ချင်းတွေအားလုံးက ပြဿနာတစ်စုံတစ်ရာ ဖြစ်တိုင်း မောင့်ဘက်က ရပ်တည်ခဲ့ကြတာကို ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်မိခဲ့တယ်။

ကျွန်မရဲ့ သူငယ်ချင်းအရင်းဖြစ်တဲ့ အောင်သွယ်မိန်းကလေးကတောင် ဒီနေ့အထိ မောင့်ဘက်က ရပ်တည်နေခဲ့သေးတော့ မောင်နဲ့ကျွန်မရဲ့ ဝေးကွာသွားရခြင်းရဲ့ တရားခံဟာ ကျွန်မဆိုတာ သေချာသွားခဲ့ပြီ။

ဘာပဲဖြစ်ဖြစ်ပေ့ါ မောင်ရယ်...။ မောင်နဲ့ကျွန်မက တစ်ယောက်နဲ့တစ်ယောက် ဘဝရဲ့အဦးအဖျား ဖြစ်ခဲ့ပါတယ်။ ဒီအမှတ်အသားဟာ နှစ်ယောက်စလုံးအပေါ်မှာတော့ ထင်ရှားခဲ့ပါတယ်။

ချစ်ခြင်းမေတ္တာဆိုတာ ဆုံးရှုံးသွားမှ ပိုပြီး တန်ဖိုးကြီးတတ်တဲ့အရာလား။ ကျွန်မ ကြိုတင်မသိနိုင်ခဲ့တာ အမှန်ပါ။ မောင်နဲ့ပတ်သက်ခဲ့တဲ့နှစ်တွေ ပြန်တွက်ကြည့်ရင်...။ အခု အချိန်ဆို တည်ငြိမ်သင့်ပါပြီ။ ပြောလို့သာ ပြောရတာ ပါ။ မောင့်ဘက်က ကြားရတဲ့သတင်းတွေအားလုံးမှာ မောင်ဟာ ဘဝတွေလည်း တည်ငြိမ်နေပြီ။ စိတ်ဓာတ်တွေလည်း တည်ငြိမ်နေပြီတဲ့...။ ဝမ်းသာပါတယ် မောင်... ဒီလိုပဲ ဖြစ်သင့်ပါတယ်။

မောင်ဟာ သည်းခံစွမ်းအားကြီးတဲ့သူပါ။ ခွင့်လွှတ်စွမ်းအားနဲ့ မေတ္တာစွမ်းအား ဆိုတာတော့ ပတ်သက်ရင်းနှီးခဲ့ကြတဲ့ ကျွန်မသာ အသိဆုံးဆိုတာ ဘာနဲ့သက်သေပြရမလဲ။

ကျွန်မတို့ရဲ့ ဝေးလွင့်ခဲ့ပြီးတဲ့ ကာလတွေမှာတောင် ကျွန်မနဲ့ပတ်သက်ပြီး ဘာတစ်ခုကိုမှ အပြစ်မပြောခဲ့တာဟာ မောင့်ရဲ့ မနာလိုစရာကောင်းတဲ့ စိတ်ဓာတ်ပေ့ါ။

ဟိုတုန်းကတော့ နွေဦးရာသီဆိုတာ အပူအပင်မဲ့နေခဲ့ရတဲ့ အချိန်တွေပေ့ါ။ သူငယ်ချင်းတွေရဲ့ သိမ်းရိတ်ဆဲ သီးနှံခင်းတွေဆီသွားပြီး အလုပ်တွေ ဝိုင်းကူလုပ်မယ်၊ မြေပဲတွေ ပြုတ်စားမယ်၊ ပြောင်းဖူးတွေ ဖုတ်စားမယ်။ သူငယ်ချင်းရဲ့ ယာခင်းတောမှာပဲ မောင်နဲ့စကားတွေ ဖောင်ဖွဲ့ကြမယ်။ ပြီးတော့ တောင်စဉ်နဲ့ မြစ်ရေပြင်ပေါ် ထိုးကျနေတဲ့ နွေဦးညနေဆည်းဆာ နေရောင်ဖျော့ဖျော့ကို ကြည်ကြည်နူးနူး ငေးကြည့်ကြမယ်။ နွေဦးညနေဆည်းဆာတစ်ချို့ဟာ ချောက်ချားကြေကွဲဖွယ် အရောင်အဆင်း ရှိခဲ့ပေမယ့် နွေဦးညမှာ သာတဲ့လရောင်ကတော့ တပ်မက်ဖွယ်အတိ ရှိခဲ့ပါတယ်။

အဲဒီ လိုညမျိုးမှာ မောင်ကလည်း သီချင်းတွေနဲ့ လရောင်ကို သိမ်းပိုက်ခဲ့တာ။ ကျွန်မကလည်း မောင့်ရဲ့ တေးသံတွေအောက်မှာ ကောင်းကင်က ကြယ်တွေလို လင်းလင်းလက်လက် ကြွေကျခဲ့တာ။ ဒီလိုနဲ့ ကြယ်ကြွေချိန်ညတွေဟာ မောင့်ဘဝမြေပြင်မှာ ရှုပ်ပွညစ်ထေးခဲ့တာများလား။ မောင်ရေ... ဘဝတစ်လျှောက်လုံးမှာ မောင်တစ်ယောက်ကိုသာ နှစ်ပြီးချစ်ခဲ့မိတယ်ဆိုရင် အခုအချိန်မှာ မောင် ယုံနိုင်ဦးမလား။ မချိပြုံးနဲ့ ကွယ်ရာမှာ ဟားတိုက်ရယ်မောနေမလား။ တည်ငြိမ်တဲ့ဘဝကို ပိုင်ဆိုင်ခွင့်ရနေတဲ့ လူတစ်ယောက်အနေနဲ့ ဆန်းကြယ်တဲ့စကားလုံး၊ ဆန်းကြယ်တဲ့ ခံစားချက်၊ ဆန်းကြယ်တဲ့ အဖြစ်အပျက်တွေကို စိတ်ကျေနပ်သလို တုံ့ပြန်ခွင့်ရှိမှာပါ။

ဒါပေမယ့် မောင်နဲ့ တယ်လီဖုန်း အဆက်အသွယ် ရတဲ့အကြောင်း သူငယ်ချင်းက ပြန်ပြောပြပါတယ်။ မောင်နဲ့ ပတ်သက်တဲ့သတင်းတွေ ပြန်ကြားရလို့ စိတ်ခံစားမှု တချို့တစ်ဝက်မှာ ကျေနပ်ခဲ့ပါတယ်။

မောင့်ရဲ့ သိမ်မွေ့နူးညံ့တဲ့ စိတ်ခံစားမှုနဲ့ ကိုယ်ချင်းစာတရားဟာ ဒဏ်ရာတချို့တဝက်နဲ့ နာကျင်နေရတဲ့ ကျွန်မရဲ့ နှလုံးသားအပေါ်မှာ အာငွေ့ကလေးပေးပြီး ကြပ်ထုပ်ကလေး ထိုးလိုက်သလို ခံစားခဲ့ရတယ်။

မနက်လင်းလို့ မြစ်ထဲက သဲသောင်ပြင်မှာ တူးထားတဲ့လက်ယက် သဲရေတွင်းကလေးမှာ သောက်ရေခပ်ရတော့လည်း မောင့်နှလုံးသားကို ခပ်ယူရသလို ထင်မိပြန်တယ်။ မောင်ရေ... မောင်ဟာ ကျွန်မရဲ့ ဘဝကန္တာရခရီးလမ်းမှာ ဘယ်တော့မှ မခန်းတဲ့ နှလုံးသား လက်ယက်တွင်းကလေးလိုပဲ ယုံကြည်ခဲ့ရပါပြီ။

အခုတော့လည်း တိုက်ဆိုင်မှုမှန်သမျှကို မောင့်အရိပ်အယောင်တွေအဖြစ် ထင်မှတ်ယုံစားရင်း ငွေဦးလရောင်အောက်က တောင်စဉ်တန်းပေါ်က တောမီးရောင်စဉ်လှိုင်းတွေပဲ ကြွေကျတိုးဝင်နေတဲ့ ကြယ်ကလေးတွေကို ငေးကြည့်ရင်း အရာတိုင်းကို ယုံပါလို့ပြောဖို့ မဖြစ်နိုင်တဲ့

အခြေအနေတွေ ရောက်ခဲ့ပါပြီလေ။

ပျင်းရိငြီးငွေ့ဖွယ် နေ့ခင်းတွေရဲ့ အိပ်ရာပေါ်ကို သစ်ရွက်ပြာကလေးတစ်စ နွေဦးရဲ့ တပေါင်းလလေနဲ့အတူ မျောပါလွင့်ကျလာတဲ့ အခါမျိုးဆိုရင် မောင့်ရဲ့ သံယောဇဉ်အကြွင်းအကျန်တွေ အဖြစ် ယုံမှတ်နိမိတ်ဖတ်ရင်း သစ်ရွက်ပြာကလေးကို ကြွေမွမသွားအောင် တယုတယ ကောက်ယူသိမ်းဆည်း ဖြစ်နေသေးတယ်ဆိုရင်... မောင်။ ။

***

# အလွမ်းနှင်းမှုန်

ရပ်စောက်မြို့၏ ခရစ္စမတ်အကြိုညသည် နှင်းမှုန်များဖြင့် ပြည့်သိပ်ကာ ပတ်ဝန်းကျင်တစ်ခုလုံး ပြာမှိုင်းပိန်းပိတ်နေတော့သည်။ ကျွန်တော်က အခန်းပြင်တွင်ကား အေးစိမ့်နေသော မြောက်လေအေးထဲ မတ်တတ်ရပ်ရင်း မမြင်ရသည့် လမင်းမှ ဖြာကျနေသည့် လရောင်ကို ငေးကြည့်ရင်း လွန်ခဲ့သော ခရစ္စမတ်အကြိုညကို လွမ်းဆွတ်နေမိသည်။

***

ဆရာက "ညကျရင် ရပ်စောက်ထဲကအဖွဲ့တွေ ဖိတ်ထားတယ်၊ သူတို့ လာကြလိမ့်မယ်" ဟု ဆိုပါသည်။ ဆရာပြောသည့် သူတို့ဆိုသည်မှာ ရပ်စောက်မြို့မှ ခရစ်ယာန်လူငယ်အဖွဲ့ကို ဆိုခြင်း ဖြစ်သည်။

"ကောင်းတာပေါ့ ဆရာ၊ ကျွန်တော်တို့ ရိပ်သာလည်း ခြောက်ကပ်နေတာ ကြာပြီ၊ ဂီတာသံ၊ သီချင်းသံကလေးနဲ့ စိုစိုပြည်ပြည် ဖြစ်တာပေါ့၊ ဘယ်နှယောက်လောက် ရှိမလဲဆရာ"

"ဒိုင်နာနဲ့ တစ်စီးစာလောက်ဆိုတော့ လူအစိတ်လောက်တော့ ရှိမှာပေါ့၊ ဧည့်ခံဖို့တော့ ပြင်ထားရမယ်"

"ဘာတွေ ကျွေးမလဲ ဆရာ၊ ကြာဆံဟင်းခါးဆိုရင် မကောင်းဘူလား၊ ချက်ရတာ ၊ ကျွေးရတာ လည်း ကရိကထ မများဘူး"

"အေး... ကောင်းတယ်၊ ကြက်သားကြာဆံချက် ပူပူကလေးကို ငရုတ်ကောင်းမှုန့် နိုင်းချင်းကလေး ထည့်လိုက်ပြီး ပူပူလောလော တိုက်လိုက်ရရင် ရာသီဥတုနဲ့ အကိုက်ပဲ၊ ကြာဆံဟင်းခါးတိုက်ပြီး လိမ္မော်သီးကျွေးတာပေါ့ကွာ"

သို့ဖြင့် ကျွန်တော်က ဆရာဆလိုင်း ပြောသည့်အတိုင်း ဈေးသို့သွားကာ

လိုအပ်သောပစ္စည်းများ ဝယ်ရပါတော့သည်။ သူငယ်ချင်း အိမ်ထောင်သည် လင်မယားဖြစ်သော နော်ဒီးနှင့် ဂျီးဂျန်ကိုပါ ရိပ်သာသို့ ခေါ်ယူပြီး ချက်ရေးပြုတ်ရေး အကူညီအီ တောင်းရတော့သည်။

ညရောက်၍ ကျွေးကြ၊ မွေးကြလျှင်တော့ ဧည့်သည်ထဲက ဆရာ့တပည့်မတွေကို ပြန်အကူအညီတောင်းရမည်ဟု စိတ်ထဲ တေးမှတ်ထားလိုက်သည်။

***

သို့သော်လည်း ကြာဆံဟင်းခါး ကျွေးရသည်မှာ မျှော်လင့်ထားသည့်အတိုင်း ဗာဟီရမများခဲ့ပါ။ ခုံတန်းရှည်တွင် ပန်းကန်နှင့်ဇွန်းများ ချထားပြီး ဟင်းရည်လိုက်ချိုင့်ဖြင့် လိုက်ဖြည့်လိုက်ရုံသာ ဖြစ်သည်။ ရောက်သီး၊ နံနံပင်၊ ငရုတ်သီးခွဲခြမ်း အလျော်မှုန်ကိုတော့ (၄)ယောက်တစ်ပန်းကန်သာ ချပေး၍ ပန်းကန်သိပ်အကုန်အကျ မများ၊ ဟင်းစားပန်းကန်အနီးတွင် အောက်ခံပြားတစ်ပြားစီချကာ လိမ္မော်သီးတစ်လုံးစီ ချထားပေးလိုက်သည်။

ကျွေးမွေးပြီးတော့ ဆုတောင်းသီချင်းတွေ ဆိုကြသည်။ ဂီတာက သုံးလက်နှင့် သီချင်းသီဆိုသူကလည်း အယောက် ၂၀ လောက်ဝိုင်း၍ သံပြိုင်သီဆိုကြတာဖြစ်၍ သီချင်းသံက စိတ်ကို လှုပ်ရှားစေသည်။

ဆရာဆလိုင်းက သူကိုယ်တိုင် ခရစ်ယာန်ဘာသာဝင်ဖြစ်၍ ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းသည့်သီချင်း အတော်များများကို ပိုင်ပိုင်နိုင်နိုင် ဆိုနိုင်သူ ဖြစ်သည်။ ဆရာက သူ ဆိုစေချင်သည့် သီချင်းများကို နှုတ်မှ ဖွင့်ပြောသည်။ ဂီတာသမားများက တီးပေးရသည်။ အားလုံး ညီညီညာညာ လိုက်ဆိုကြသည်။ ဆရာက ကျွန်တော့်ကိုလည်း ပွဲထုတ်သည့်အနေဖြင့် "သီဟာန်.. ဘာသီချင်း ရလဲ၊ တစ်ပုဒ်လောက် တီးပြီး ဆုတောင်းပေးပါဦး" ဟု ဆိုသဖြင့်

လူတိုင်း သီဆိုတီးခတ်နိုင်သော Happy Christmas သီချင်းကို တီးခတ်လိုက်ပါသည်။

ဂီတာမှာ ထွင်းအိုးဖြစ်သဖြင့် အသံလုံပြီး လွင်၍ ဟိန်းနေပါသည်။ တောင်ကုန်းထိပ် ထင်းရှူးပင်ကြားမှ ရိပ်သာအဆောက်အအုံကလေး ပတ်ဝန်းကျင်သည် ခရစ္စမတ် အကြိုတေးသံသာများဖြင့် အုံ့အုံ့ပျပျ သာယာနေခဲ့ပါသည်။ ကျွန်တော်လည်း လူမစည်ကားသည်မှာ ကြာပြီဖြစ်သော ကျွန်တော်တို့ နေရာကလေးသို့ ဧည့်သည်များ လာရောက်ခြင်းအပေါ် ဝမ်းသာသည့်အနေဖြင့် ဆုတောင်းပွဲမစမီ အချိန်ကလေးမှာပင် လိမ္မော်ဖျော်ရည်ကလေး တစ်ပိုင်းလောက် သောက်ခဲ့မိသေးသည်။

အရက်အရှိန်ဖြင့် လျင်မြန်စွာ လည်ပတ်နေသော သွေးများသည် နွေးထွေးတက်ကြွမှုကို ရရှိစေခဲ့သည်။ ကျွန်တော် တီးခတ်သီဆိုသည့် သီချင်းဆုံးတော့ "ကောင်းတယ်... ကောင်းတယ်" ဆိုသည့် ချီးမွမ်းသံများ လျှံထွက်လာသည်။ ကျွန်တော့်ညာဘက်ဘေးမှ မျက်လုံးဝိုင်းဝိုင်း၊ မျက်နှာဝိုင်းဝိုင်းနှင့် ကောင်မလေးက "နောက်တစ်ပုဒ် လုပ်ပါဦး..." ဟု အနားကပ်ကာ ပွဲတောင်းပါသည်။

ကျွန်တော်က "သီချင်းတစ်ပုဒ်ပဲရလို့ ဒီလောက်နဲ့ပဲ ကျေနပ်ပါ" ဟု ပြောရသည်။ နောက်တော့ လွယ်ထားသည့်ဂီတာကို ပြန်ပေးလိုက်သည်။

လွယ်ထားသည့် ဂီတာကို ဂီတာတီးသည့်လူထံ ပြန်ပေးလိုက်သော်လည်း ကျွန်တော့်ဘေးမှ မျက်လုံးဝိုင်းဝိုင်းနှင့် ကောင်မလေးကိုတော့ မှတ်မှတ်ရရ သတိထားမိလိုက်သည်။ သူကလေးသည် အနီရင့်ရင့် ခေါင်းစွပ်သိုးမွှေးဆွယ်တာနှင့် အပြာနုရောင် ဂျင်းဘောင်းဘီကို ဝတ်ထားသည်။ ပါးကလေးနှစ်ဖက်မှာ နီရဲနေပြီး သူမ ဝတ်ထားသော ဆွယ်တာနှင့် လိုက်ဖက်လှသည်။ ကျွန်တော်က သူမ အနားနားကပ်ပြီး...

"နာမည် ဘယ်လိုခေါ်လဲ" ဟု မေးတော့...

"ရှယ်တောင်လို့ ခေါ်တယ်" ဟု ပြန်ဖြေသည်။

"အစ်ကိုနာမည်ကကော..." ဟု သူက ပြန်မေးသည်။

"သီဟန်..."

"ဘယ်မှာနေလဲ"

"ဒီရိပ်သာမှာပဲ နေတယ်"

"ဆရာဆလိုင်းတို့နဲ့ အတူတူပဲလား"

"ဟုတ်တယ်၊ ညီမကကော ဘယ်မှာနေလဲ၊ နာမည်က ရှယ်တောင်ဆိုတော့ ကချင်လူမျိုးပေါ့"

"ဟုတ်တယ်၊ ကချင်လူမျိုးပါ၊ နေတာတော့ မြစ်ကြီးနားမှာနေတယ်၊ အခု ခရစ္စမတ်ကျောင်းပိတ်ရက်မှာ အစ်မတွေရှိတဲ့ ရပ်စောက်ကို လာလည်တာ"

တည်ငြိမ်ခဲ့သော ကျွန်တော့်စိတ်သည် တဒင်္ဂအတွင်းမှာပင် မငြိမ်မသက် ဖြစ်ခဲ့ပြီ၊ လိမ္မော်ဖြူတန်ခိုးကလည်း ပြသည်ထင်သည်။ အခါတိုင်း မိန်းကလေးများနှင့် စကားပြောရမှာ ဝန်လေးသောကျွန်တော်က သူကလေးနှင့် ကျွမ်းဝင်ရင်းနှီးဖို့ ကြိုးစားခဲ့သည်။ တော်တန်ရုံဖြင့်တော့လည်း ဟုတ်မည်မထင်ပါ။ သူကလေး၏ ဝိုင်းစက်သော မျက်ဝန်း၊ နီရဲသောပါးပြင်၊ ဝါရွှေသော လည်တိုင်ကလေးများက ကျွန်တော့်စိတ်နှလုံးကို သိမ်းပိုက်ညှို့ယူသွားတာ ဖြစ်မည်။

"မြစ်ကြီးနားကို ဘယ်တော့ပြန်မှာလဲ"

"နှစ်သစ်ကူးပြီးမှ ပြန်မယ်"

"နှစ်သစ်ကူးကျရင် ပြန်တွေ့ရအောင်... ဘုရားကျောင်းကို လာခဲ့မယ်လေ....

"လာခဲ့ပါ၊ ဒီရက်ပိုင်းကတော့ ပွဲရက်ဖြစ်နေတော့ ဘုရားကျောင်းမှာပဲ

အနေများမယ်"

"ဘုရားကျောင်းရောက်ရင် ခေါ်မှာလား"

"ခေါ်မှာပေါ့၊ ဘာပြုလို့ စိုးရိမ်ရတာ လဲ"

"ခေါ်မယ်ဆိုရင် လာမယ်လေ၊ ရွှယ်တောင်ကလှတော့ ကိုယ့်ထက် ဦးစားပေး ခင်ရမယ့်လူတွေ ရှိနေရင် ကိုယ့်ကို လျစ်လျူရှုထားမှာ စိုးရိမ်မိတယ်"

"အို... ကြံကြံဖန်ဖန် စိုးရိမ်တတ်လိုက်တာ၊ ရွှယ်တောင်က ခင်မင်ရတဲ့သူတွေအားလုံးကို ဘယ်တော့မှ လျစ်လျူမရှုဘူး"

"လျစ်လျူတော့ မရှုဘူး၊ မမြင်ချင်ယောင် ဆောင်နေမှာလား"

"တော်ပြီ၊ စကားကောင်း မပြောရင် မခေါ်တော့ဘူး"

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေစဉ်မှာပင် ညဥ့်လည်း နက်ပြီဖြစ်သဖြင့် ဆုတောင်းပွဲအစီအစဉ် ရပ်နားလိုက်ပြီး ပြန်ရန်ကားပေါ်သို့ တက်ကြပါသည်။

"မနက်ဖြန် ခရစ္စမတ် ဘယ်မှာရှိမလဲ" လို့ မေးတော့...

"ဘုရားကျောင်းမှာပဲ ရှိမယ်၊ ပျော်ပွဲရွှင်ပွဲတွေ ရှိတယ်၊ မြက်ခင်းပြင် Stage Show လည်း ရှိတယ်။ လာခဲလေ...၊ သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးမယ်"

"လာခဲ့မယ်၊ ဆရာဆလိုင်းနဲ့ကပ်ပြီး လိုက်ခဲ့မယ်" ဟု ပြောနေစဉ်မှာပင်...

"ရွှယ်တောင်... နေခဲ့မှာလား၊ ပြန်လိုက်မှာလား၊ နေချင်လည်း နေခဲ့။ ကားကျပ်နေပြီ" ဟု ကားပေါ်မှ လူတစ်ယောက်က လှမ်းနောက်ပါသည်။

"လိုက်မှာပေါ့၊ ဘယ်လိုလုပ်နေလို့ ရမလဲ" ဟု ပြောပြောဆိုဆိုနှင့်

ကားပေါ်တက်သွားပြီး ကားနောက်ဆုံးပိုင်းတွင် နေရာမရဘဲ မတ်တတ်ရပ်လျက် လိုက်ရသည်။

ကျွန်တော်က ကားထွက်ခါနီး လက်ကမ်းပေးတော့ သူက ပြန်၍ လက်ကမ်းသဖြင့် လက်ဆွဲနှုတ်ဆက်ကြပါသည်။ လက်ဆွဲနှုတ်ဆက်စဉ် ကားစက်နှိုးသဖြင့် ကျွန်တော်က သက်သက်မဲ့ ညစ်ပြီး ရွှယ်တောင်၏ လက်ကို မလွှတ်ဘဲ ဖွတ်ဆွဲထားရာ သူက သူ့လက်တွင် စွပ်ထားသော လက်အိတ်ကလေးကို အဆုံးအရှုံးခံကာ သူ့လက်ကို ကျွန်တော့်လက်မှ ရအောင်ဖြုတ်ပြီး ကျွန်တော့်ခေါင်းတွင် ဆောင်းထားသော သိုးမွေးဦးထုပ်အနီကလေးကို ဖျတ်ခနဲ ချွတ်ယူစဉ် ကားထွက်ပါသည်။ ကျွန်တော်တို့နှစ်ယောက် အဖြစ်အပျက်ကိုမြင်တော့ ကားပေါ်ကလူများက လက်ခုပ်လက်ဝါးတီး၍ ညာသံပေးကာ ရယ်မောကြပါသည်။ ဒီလိုနှင့် ကားက ကျွန်တော်တို့နေသော တောင်ကုန်းကလေးပေါ်မှ တအိအိ ဆင်းသွားခဲ့သည်။

***

"မနက်ကတည်းက လာမယ်ထင်နေတာ"

"ဟုတ်တယ်၊ မနက်ကတည်းက လာမလို့ပဲ၊ ဆရာ မအားလို့"

"ဆရာ မအားလည်း တပည့်တစ်ယောက်တည်း လာခဲ့ပေါ့၊ မနက်က အိုးနို့ခေါက်ဆွဲ လုပ်တယ်၊ အခု ကုန်သွားပြီ"

"ရပါတယ်၊ ပွဲဈေးခင်းမှာ ဝယ်ကျွေးလို့ ရတာ ပဲ"

ကျွန်တော်က ဆရာဆလိုင်းထံ ခွင့်တောင်းကာ ပွဲဈေးတန်းသို့ ကောင်မလေးနှင့်အတူ ထွက်လာခဲ့ပါသည်။

ဘုရားကျောင်း ကျောင်းဝင်းသည် ပွဲတော်ရက်ဖြစ်သဖြင့် ရောင်စုံမီးများ

နေရာအနှံ့တွင် ထွန်းညှိထားရာ လှပလျက် ရှိပါသည်။

ကျွန်တော်က

"ဘာစားမလဲ" ဟု မေးရာ...

ရွှယ်တောင်က "ကျွန်မက ကျွေးမှာပါ၊ အစ်ကိုကြိုက်တာ စားပါ" ဟု ပြန်ဖြေသည်။ ကျွန်တော်က...

"ဒါဆိုလည်း ဆန်စီးစားမယ်" ဟု ပြောကာ နီးရာဆန်စီးရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်၍ ထိုင်ဖြစ်သည်။

"မနေ့ညက အိမ်ကို ဘယ်အချိန် ပြန်ရောက်လဲ" ကျွန်တော်က စကားမရှိ စကားရှာ ပြောလိုက်ခြင်း ဖြစ်သည်။

"ညဥ့်သန်းခေါင်ကျော် တစ်နာရီလောက်မှ ပြန်ရောက်တယ်။ ကိုသီဟန်တို့ဆီက ပြန်တော့ ညဆယ်နာရီတောင် မထိုးသေးဘူး၊ စောနေသေးတာနဲ့ အသိအိမ်တွေဆီ သွားပြီး ဆုတောင်းပေးကြတယ်"

"ဒါနဲ့ ညက ကျွန်မလက်အိတ်ကလေးကော..."

"အဆောင်မှာ ကျန်ခဲ့တယ်" (အမှန်က ပြန်မပေးချင်၍ ရိပ်သာမှာ တမင်ချန်ထားခဲ့ခြင်း ဖြစ်သည်။)

"ဘယ်နေ့ ပြန်တွေ့ဦးမလဲ"

"Happy New Year ကျရင် ပြန်တွေ့မယ်လေ၊ အဲဒီ ညကျရင် အုန်းထမင်းနဲ့ ကြက်သားချက်စားမယ်၊ မီးပုံပွဲလည်း လုပ်မယ်၊ လာခဲ့ပေါ့၊... လာတဲ့အခါကျရင် ကျွန်မလက်အိတ်ကလေးတစ်ဖက် ပြန်ယူလာခဲ့ပေးနော်"

"ပြန်ယူလာခဲ့မယ်လေ"

"အစ်ကို့ကိုသာ ကျွန်မက လက်အိတ်တစ်ဖက် ပြန်ယူလာခဲ့ဖို့

ပြောနေတာပါ၊ အစ်ကို့ သိုးမွေးဦးထုပ်ကလေးလည်း ပြန်ပေးရဦးမယ်"

"အိုး… မပေးပါနဲ့၊ ကိုယ်က ကိုယ့်ဦးထုပ်ကို ပြန်မတောင်းပါဘူး၊ ရွှယ်တောင်ကို ကိုယ်က ကြည်ကြည်ဖြူဖြူနဲ့ အပိုင်ပေးလိုက်ပြီသာ မှတ်လိုက်၊ ရပ်စောက်လက်ဆောင်ပေ့ါနော်"

"အားနာစရာကြီး… အစ်ကိုကတောင် အစ်ကို့ဦးထုပ်ကို ပြန်မယူတော့တာ ရွှယ်တောင်ကလည်း လက်အိတ်ကလေးကို ပြန်မယူတော့ပါဘူး၊ အမှတ်တရပေ့ါ"

"ဒါဆိုလည်း ပြီးတာပဲလေ…"

***

ဆန်စီးဆိုင်က ထွက်တော့ ဆရာဆလိုင်း မျှော်နေမည်စိုးရိမ်သဖြင့် ဆရာရှိနေသည့် ဘုရားရှိခိုးကျောင်း အဆောက်အအုံအတွင်းသို့ ပြန်လာခဲ့သည်။ ဆရာနှင့်တွေ့တော့ ဆရာက…

"Stage Show မကြည့်ကြဘူးလား" ဟု မေးသည်။ ကျွန်တော်က "ဆရာမျှော်နေမှာ စိုးလို့ပါ" ဟု ဖြေတော့…

"မမျှော်ပါဘူး၊ လွတ်လွတ်လပ်လပ် သွားကြပါ၊ ကိုသီဟန်လည်း စက်ဘီးပါတာပဲ။ ကျွန်တော်ပြန်ချင်တဲ့အချိန် ပြန်သွားလိုက်မယ်၊ ကိုသီဟန်နဲ့ အချိန်းအချက် မလုပ်တော့ဘူး၊ ကိုသီဟန်လည်း ပြန်ချင်တဲ့အချိန်ရောက်မှ ပြန်ခဲ့ပေတော့" ဟု ဆိုသဖြင့် "အတော် အလိုက်သိတဲ့ ဆရာ" ဟု ရွှယ်တောင်ကြားရုံ တိုးတိုးကလေး ချီးကျူးမိသည်။ ရွှယ်တောင်က…

"ဘာ အလိုက်သိတာလဲ" ဟု မေးသဖြင့် ကျွန်တော့်မှာ ဘာဖြေလို့ ဖြေရမှန်း မသိ ဖြစ်ရသေးသည်။

ဘုရားကျောင်းအပြင်ဘက် မီးရောင်တွေ ကျော်ပြီး ဟိုး… အဝေးတောင်ကုန်းတွေဆီ လှမ်းကြည့်ရင်း နှင်းမှုန်တွေ ပြာပြာမှိုင်းမှိုင်းကျနေတာကို မြင်ရသည်။

ရွှယ်တောင်က…

"အစ်ကိုနဲ့ ခင်မင်ရင်းနှီးတာ တစ်ရက်ပဲ ရှိသေးတယ်၊ ဒါပေမယ့် ကိုယ့်အစ်ကိုအရင်းတစ်ယောက်လို့ ခင်မင်မိတယ်"

"ဟုတ်တယ်၊ ရွှယ်တောင်ကိုလည်း ကိုယ့်ညီမလေးအရင်းတစ်ယောက်လို့ပဲ မြင်မြင်ချင်း ခင်မင်မိတယ်၊ ကိုယ်တို့ ဗမာအယူအဆများတော့ ဒါမျိုးကို ဟိုး… ရှေးဘဝက ပါရမီဖြည့်ခဲ့လို့ အခုဘဝမှ ဆုံကြရတာ လို့ အယူရှိတယ်"

"ဖူးစာပါတယ်ဆိုတဲ့ဟာလား…" ရွှယ်တောင်မေးခွန်းကို ကျွန်တော် ရုတ်တရက် ပြန်မဖြေတတ်သည့်အပြင် သူမ၏ ဗမာဝေါဟာရများနှင့် အကျွမ်းတဝင် မဖြစ်မှုအပေး စိတ်မသက်မသာ ဖြစ်မိသေးသည်။

ကျွန်တော်တို့သည် စကားတပြောပြောဖြင့် Stage Show ပွဲခင်းဆီသို့ ဦးတည်လျှောက်လာကြသည်။ လမ်းတစ်လျှောက်တွင် မိုးပုံ့ပူဖောင်းသည်များ၊ အချဉ်ပေါင်းသည်များ၊ မုန့်လေပွေသည်များ၊ ဘူးသီးကြော်သည်များ၊ ရှမ်းခေါက်ဆွဲ၊ မြီးရှည်ဆိုင်များဖြင့် စည်ကားသိုက်မြိုက်လျက် ရှိသည်။

ကျွန်တော်က "သီချင်းဆိုတာ ကျွမ်းကျင်လား" ဟု မေးတော့ "ကျွမ်းကျင်တယ်လို့တော့ မဟုတ်ပါဘူး၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းတဲ့ ဓမ္မတေးတွေ အမြဲဆိုနေတော့ ဘုရားသခင်က ပြန်ပြီးစောင့်ရှောက်တဲ့ သဘောနေမှာပေါ့နော်"

"မြစ်ကြီးနားမှာဆိုရင် ဘုရားကျောင်းဝတ်ပြုတာ တစ်ကြိမ်မှ မပျက်ဘူး၊ ကျန်းမာရေးမကောင်းတဲ့ ကြားကတောင် ဘုရားကျောင်းကို ရောက်တယ်၊

ဒါကြောင့်မို့နေမှာ ဘုရားသခင်က ကျွန်မကို ပြန်ပြီးစောင့်ရှောက်တယ်၊ ရပ်စောက်က သူငယ်ချင်းတွေကလည်း ပြောပါတယ်၊ ရွှယ်တောင်ရဲ့အသံက ကောင်းတယ်လို့ ချီးကျူးခံရတာ ကျွန်မတော့ ဂမ်းသာမိတယ်"

"အခု တီးနေတဲ့ Stage Show မှာကော သီချင်းတက်မဆိုတော့ဘူးလား"

"မဆိုတော့ဘူး၊ သီချင်းဆိုတာ ဒီလိုချက်ချင်းတက်ဆိုလို့ မရဘူး၊ အပြင်မှာ သီချင်းတိုက်ရသေးတာ"

"သီချင်းတိုက်မထားဘူးလား"

"မထားဘူး၊ သီချင်းတိုက်မထားဘဲ စင်ပေါ်တက်ဆိုလို့ အလွဲလွဲ အချော်ချော် ဖြစ်ရင် ရှက်စရာကြီး"

"မြစ်ကြီးနားကို မရောက်ဖူးဘူးလား"

"မရောက်ဖူးဘူး၊ ရောက်ဖူးချင်တယ်"

"လာခဲ့လေ၊ နောက်နှစ် ခရစ္စမတ်နဲ့ နှစ်သစ်ကူးကို မြစ်ကြီးနားမှာ လာပျော်ပေါ့၊ မြစ်ကြီးနားက ပိုပြီးပျော်လို့ကောင်းတယ်၊ ကချင်လူမျိုးတွေက ဖော်ရွေတော့လေ"

"လာဖြစ်အောင် ကြိုးစားမယ်လေ၊ လာဖြစ်ရင် ကြိုတင်အကြောင်းကြားမယ်"

ကျွန်တော်က စိတ်ကူးရှိလို့သာ ပြောရသည်။ ကိုယ့်ဝန်ထမ်းဘဝအခြေအနေ ကိုယ်သာအသိဆုံး ဖြစ်သည်။ ကျွန်တော်တို့၏ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ဝန်ထမ်းဆို၍ ဆရာဆလိုင်းသောန ရယ်၊ ကျွန်တော်ရယ်၊ စက်ရုံအကူ နော်ဒီးတို့ လင်မယားရယ် သုံးယောက်သာ ရှိသည်။

"မြစ်ကြီးနားကို လာရင် အစ်ကို့ရဲ့စက်ရုံကို အန်ကယ်သောနနဲ့ ပစ်ထားခဲ့ရမှာပေါ့"

"ဒါပေါ့... သူက ခွင့်ပြုမှလာလို့ ရမှာပါ၊ ပြောလို့သာ ပြောရတာ တကယ်တမ်းကျတော့ အား သိပ်မရှိပါဘူး"

"ဟင်... အစ်ကိုကလည်း စိတ်ကူးတာတောင် အားရှိပါ့ရှိ စိတ်မကူးနိုင်တဲ့ ဘဝပါလား"

"ဝန်ထမ်းဘဝက ဒီလိုပါပဲ"

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေစဉ်မှာပင် ပွဲခင်းမှာ လူပ်လူပ်ရွရွ ဖြစ်ပြီး လူအများ ပွဲခင်းမှထ၍ ပြန်ကြသည်။ Stage Show မှာ ပြီးသွားပြီဖြစ်သည်။ လက်ကနာရီကြည့်တော့ (၁၂)နာရီကျော်ပြီ။

ကျွန်တော်က "ပြန်ကြစို့၊ ခေါင်းပေါ်မှာ နှင်းတွေလည်း တော်တော်စိုနေပြီ" လို့ ပြောတော့ သူက...

"Happy Christmas" ဟု နှုတ်ဆက်ရာ...

ကျွန်တော်က “Happy Christmas” ဟု ပြန်နှုတ်ဆက်ရင်း သူ့လက်ဖမိုးကလေးကို ဆွဲယူနမ်းရှိုက်ကာ လှည့်ထွက်ခဲ့ပါတော့သည်။

***

နှစ်သစ်ကူးညတွင် ကျွန်တော်တို့ ပြန်ဆုံဖြစ်ကြသည်။ သူက ခရမ်းပြာရောင် ဆွယ်တာကို ဝတ်ထားသည်။ အနက်ရောင်ဂျင်းဘောင်းဘီနှင့် ခရမ်းရောင် ဆွယ်တာမှာ လိုက်ဖက်လှသည်။ ဒီတစ်ခေါက်တော့ ကျွန်တော်က သူတည်းခိုသည့် သူ့အစ်မအိမ်သို့ တန်းတန်းမတ်မတ် လာခဲ့သည်။

သူက "ခရစ္စမတ်တုန်းက အုန်းထမင်းနဲ့ ကြက်သားကျွေးမယ် ပြောထားတာ... အဲဒါ မလုပ်ဖြစ်ဘူး၊ အစ်မက လွယ်လွယ်ကူကူ တို့ဟူးနွေးပဲ

စားရအောင်ဆိုလို့ တို့ဟူးနွေး အရင်စားလိုက်နော်၊ ပြီးမှ ဘုရားကျောင်းဝင်းထဲ သွားရအောင်....၊ မီးပုံပွဲရှိတယ် သိလား၊ အဲဒီ မှာ ဆိတ်သားကင်နဲ့ ခေါင်ရည်တိုက်မှာ၊ တစ်ခန်းရပ်ပြဇာတ်တို့၊ တေးသရုပ်ဖော်တို့ အများကြီးပဲ က,ကြမှာ၊ အဲဒါ ဆုချရမှာနော်" ဟု ရွှယ်တောင်ကပြောတော့ ကျွန်တော်က "ချရမှာပေါ့၊ ချရမှာပေါ့" ဟု အလွယ်တကူပင် ကတိပေးလိုက်ပါသည်။

တို့ဟူးနွေးစားပြီးသောအခါ ရွှယ်တောင်က သူ့အစ်မနှင့် မိတ်ဆက်ပေးသည်။ သူ့အစ်မခင်ပွန်းကတော့ သစ်ထုတ်လုပ်ရေးမှ အရာရှိတစ်ဦး ဖြစ်ပြီး ခရီးထွက်နေသဖြင့် တွေ့ခွင့်မရခဲ့ပါ။

ရွှယ်တောင်၏ အစ်မက "ဘယ်ဌာနကလဲ" ဟု မေးရာ...

"ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကပါ" ဟု ဖြေရသေးသည်။

"ဆရာဆလိုင်းသောနတို့နဲ့ အတူတူပေါ့"

"ဟုတ်ကဲ့၊ ဆရာဆလိုင်းလက်အောက်ကပါ၊ သူက ကျွန်တော့်ထက် အကြီး၊ ကျွန်တော်က အငယ်၊ ကျွန်တော့်ရဲ့ အောက်မှာ တစ်ယောက်ရှိတယ်၊ ကိုနော်ဒီးတဲ့၊ အားလုံးပေါင်းမှ သုံးယောက်ပဲရှိတယ်"

"ရွှယ်တောင်မရှိလည်း လာလည်ပါ၊ ရပ်စောက်စျေးနေ့မျိုး လာရင်တော့ ဟင်းကောင်းလေးဘာလေး စားရတာ ပေါ့နော်"

"ကျေးဇူးတင်ပါတယ်ဗျ"

နောက်တော့ ကျွန်တော်က ရွှယ်တောင်အစ်မနှင့် စကားဖြတ်ပြီး နှစ်သစ်ကူးပွဲလုပ်မည့် ဘုရားရှိခိုးကျောင်းသို့ ထွက်လာခဲ့ကြသည်။ ရွှယ်တောင်က ဘုရားကျောင်းသို့ ထွက်လာရာ လမ်းပေါ်ရောက်တော့ ဘက်ပဲ့အဖော်မဲ့နေသော လက်အိတ်ကလေးတစ်ဖက်အား ထုတ်ပေးရင်း "လက်အိတ်ဆိုတာ နှစ်ဖက်စလုံးရှိမှာ အဓိပ္ပါယ်ပြည့်စုံမှာ၊ တစ်ဖက်စီကွဲနေရင် နိမိတ်မကောင်းလို့" ဟု

ဆိုပါသည်။

ကျွန်တော်က "ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ" ဟု ရင်ခုန်လှိုက်မောစွာ ပြောမိသည်။ ကျွန်တော် သူ့ကိုချစ်သည့်အကြောင်းကိုသာ နှုတ်ကဖွင့်မပြောပေမယ့် ကိုယ်စီရင်ထဲမှာတော့ ခွဲခွာရမည့်အနာဂတ်ကို ကြိုတင်တုန်လှုပ်နေခဲ့မိသည်။

"ဘယ်တော့ ပြန်မှာလဲ"

"တစ်ရက်နှစ်ရက်နေရင် ပြန်မယ်၊ ၂ ရက်နေ့ပေါ့၊ ဇန်နဝါရီလ ၂ ရက်နေ့ ပြန်မယ်"

"စာရေးလိုက်မယ်လေ၊ ပြန်ရေးမယ် မဟုတ်လား"

"စာရေးပျင်းတယ်၊ စိတ်ပါတဲ့အခါ ပြန်ရေးမယ်လေ"

"တယ်လီဖုန်း ဆက်မယ်၊ ဖုန်းနံပါတ်ပေးထားပေါ့"

"အိမ်မှာ တယ်လီဖုန်းမရှိဘူး၊ ဘေးအိမ်ကတစ်ဆင့် ခေါ်ပေးရမှာ၊ ဖုန်းနံပါတ်ကတော့ ပေးထားမယ်၊ ခဏခဏတော့ မဆက်နဲ့၊ ခဏခဏခေါ်ပေးရရင် တယ်လီဖုန်းပိုင်ရှင်ကို အားနာစရာ ကောင်းတယ်"

***

နှစ်သစ်ကူးည၏ ကနဦးအစီအစဉ်မှာ ကပွဲဖြစ်သည်။ ကပွဲမှာ ခရစ်တော်နှင့် ပတ်သက်သည့် ကျမ်းစာပါအချက်များအား ဇာတ်လမ်းဖွဲ့၍ လူငယ်ကလေးများက သရုပ်ဆောင်ကပြကြခြင်း ဖြစ်သည်။

ကျွန်တော်နှင့် အကျွမ်းတဝင် မဖြစ်လောက်ဟု ထင်၍ လား မသိ၊ ရွယ်တောင်က ကပြနေသည့် ဇာတ်လမ်းကလေးများအား ဘေးမှနေကာ ရှင်းလင်းပြောပြနေသည်။ ကျွန်တော်က "မီးပုံပွဲက ဘယ်အချိန်စလဲ မသိဘူးနော်"

ဟု မေးတော့ ရွယ်တောင်က...

"ဒီပွဲပြီးတော့မှ စမယ်"

"ဒီပွဲက ဘယ်အချိန်လောက်မှ ပြီးမလဲ" လို့ ကျွန်တော်က ထပ်မေးတော့...

"ည ၁၁ နာရီကျော်မှ ပြီးမယ်ထင်တယ်၊ ဘာဖြစ်လို့လဲ"

"ခေါင်ရည်က ဘယ်တော့သောက်ရမှာလဲလို့"

"ညဉ့်သန်းခေါင်မှာ သောက်ရမှာလေ၊ Happy New Year ပေါ့"

"အဲဒါဆို မီးပုံပွဲက ဘယ်အချိန်မှ ပြီးမှာလဲ"

"တစ်ညလုံးပဲ၊ ဂီတာတီးပြီး သီချင်းဆိုကြမှာ၊ ခေါင်ရည်သောက်လိုက်၊ အသားကင်စားလိုက်၊ ကလိုက်၊ သီချင်းဆိုလိုက်နဲ့ ပျော်စရာကောင်းတယ်၊ နှစ်သစ်ကူးပွဲကို တစ်ခါမှ မတက်ဖူးဘူးလား"

"မတက်ဖူးဘူး၊ မြစ်ကြီးနားမှာကော နှစ်သစ်ကူးပွဲရှိလား"

"ရှိတာပေါ့၊ ဒီထက်တောင် စည်ကားသေးတယ်၊ ပျော်စရာလည်း ပိုကောင်းတယ်"

"ဟုတ်လား၊ ဒါဆုရင် နောက်နှစ်သစ်ကျရင် မြစ်ကြီးနားကို လာခဲ့မယ်"

"တကယ်လား"

"တကယ်ပေါ့၊ ဖြစ်နိုင်ရင် မြစ်ကြီးနားကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်အောင် ကြိုးစားမယ်"

"အဲဒီ လောက်လည်း အပြောမကြီးပါနဲ့၊ အလည်လာရုံဆိုရင် ရပါတယ်"

"ဧည့်သည်အဖြစ်နဲ့ မနေချင်ဘူး"

"ညှော့သည်အဖြစ်နဲ့ မနေချင်ရင် မြစ်ကြီးနားမှာ အိမ်တစ်လုံး ဝယ်လိုက်ပေါ့၊ အဲဒါဆို အိမ်ရှင်ဖြစ်သွားရော..."

"အိမ်ဝယ်ပြီး တစ်ယောက်တည်း နေရမယ်ဆိုရင်တော့ ဘယ်အဓိပ္ပါယ်ရှိမှာလဲ"

"အဓိပ္ပါယ်ရှိအောင် လုပ်ပေးရမှာပေါ့"

ထိုညက ကျွန်တော်လည်း အပျော်လွန်ပြီး ခေါင်းရည်ကို ဘယ်နှခွက်သောက်မိမှန်း မသိသလို၊ သီချင်းဘယ်နှပုဒ် ဆိုပြီး က,မိမှန်းလည်း မမှတ်မိခဲ့ပါ။ မိုးလင်းခါနီး အထိ နှစ်သစ်ကူးပွဲကို အပြည့်အဝ ဆင်နွှဲခဲ့ပြီး ရွှယ်တောင့်အစ်မအိမ်မှာပင် အိမ်ခဲ့ရသည်။ တစ်ရေးနိုးမှ ကိုယ့်နေရာ ကိုယ်ပြန်ခဲ့ရသည်။

ရပ်စောက်ကနေ မြစ်ကြီးနားကို ရွှယ်တောင်ပြန်တော့ ရွှေညောင်လမ်းဆုံအထိ လိုက်ပို့ခဲ့သည်။ နှင်းမှုန်များသည် လွမ်းဆွတ်ကြေကွဲဖွယ် ကောင်းအောင် သိပ်သည်းစွာ ကျဆင်းနေခဲ့သည်။ ရွှယ်တောင်လိုက်ပါသွားသည့် ဘတ်စ်ကားကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ လမ်းဘေးတွင် ရပ်ကြည့်ရင်း ကြေကွဲဝမ်းနည်းစွာ ကျန်ခဲ့ရသည်။

***

လွန်ခဲ့သော ၁၀ ရက်က ကျွန်တော် ပြောင်းရွှေ့မိန့်ကို ဆရာဆလိုင်းက ရပ်စောက်စာတိုက်မှာ လမ်းကြုံယူလာပေးသည်။

ကျွန်တော်က ရင်ခုန်လှုပ်ရှားစွာ...

"ဘယ်လို ပြောင်းရမှာတဲ့လဲ ဆရာ..."

"မြစ်ကြီးနား" ဟု တစ်လုံးတည်း တုံးတိတိ ဖြေသည်။

"မနောက်ပါနဲ့ဆရာ" ဟု ကျွန်တော်က ပြောတော့...

"ဩော်... မင်းကို ငါ ဘာလို့ နောက်ရမှာလဲ၊ ဟောဒီမှာ အမိန့်စာ" ဟု စာရွက်ကို ဖြန့်ပြတော့မှ ကျွန်တော်လည်း ကျွန်တော်ပြောင်းရွှေ့မိန့် တာဝန်ထမ်းဆောင်မိန့်ပါဝင်သည့် စာရွက်ကလေးကို ကြည်နူးဝမ်းမြောက်စွာ ကိုင်ကြည့်ရင်း...

"ဆရာ ကျွန်တော် ရွှယ်တောင်တို့ဆီ တယ်လီဖုန်းနဲ့ အကြောင်းကြားလိုက်ဦးမယ်" ဟု ခွင့်တောင်းပြီး တယ်လီဖုန်းထားရာ ဆရာဆလိုင်း၏ ရုံးခန်းသို့ ထွက်လာခဲ့ပါသည်။

ကျွန်တော်က ရွှယ်တောင့်ထံသို့ နှစ်သစ်ကူးပွဲ လာဖြစ်အောင် လာမည်ဟုသာ အကြောင်းကြားလိုက်ပြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အကြောင်းကို မပြောဘဲ ချန်လှပ်ထားလိုက်သည်။ သည်သတင်းကိုတော့ မြစ်ကြီးနားရောက်မှ ရွှယ်တောင်ကို ရုတ်တရက် ဝမ်းသာသွားစေရန် ပြောပြမည်ဟု စိတ်ကူးထားလိုက်သည်။

***

လရောင်သည် တောင်ကုန်းပေါ်သို့ အတားအဆီးမဲ့ သွန်ချနေသည်။ ကျွန်တော်က အိပ်ရာလိပ်မှလွဲ၍ ပိုင်ဆိုင်သမျှ ပစ္စည်းအနည်းငယ်ကို သေတ္တာ (၃)လုံးထဲတွင် စနစ်တကျ ထည့်ပြီး အခန်းအပြင်ဘက်တွင် ထိုင်ရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေမိသည်။

ဆရာဆလိုင်းက ရုံးခန်းဘက်က ပြန်လာရာမှ...

"အိပ်မပျော်ဘူးထင်တယ် သီဟန်"

"ဟုတ်တယ် ဆရာ၊ ကျွန်တော် ရင် သိပ်ခုန်တာပဲ၊ ဆရာတို့ကို သံယောဇဉ်မရှိလို့တော့ မဟုတ်ဘူးပေါ့ဆရာ၊ မနှစ်က ကျွန်တော်ရခဲ့တဲ့ အပူက မအေးနိုင်ဘူး မဟုတ်လား"

"အေးပါ ငါသိပါတယ်၊ ဒီလိုပါပဲကွာ..."

ဆရာဆလိုင်းရဲ့ "ဒီလိုပါပဲကွာ" က အဓိပ္ပါယ်များစွာ ပါသည်ဟု ကျွန်တော် ထင်သော်လည်း အဓိပ္ပါယ်ကို ကျွန်တော် မမေးတော့ပါ။

"ဆရာနဲ့ တာဝန်ထမ်းဆောင်စဉ် ကျွန်တော့်ဘက်က အမှားအယွင်းရှိရင် ခွင့်လွှတ်ဖို့ တောင်းပန်လိုပါတယ်"

"မရှိပါဘူး၊ ငါ့အနေနဲ့ ကျေနပ်ပါတယ်၊ မြစ်ကြီးနားရောက်ရင်သာ အခြေအနေကို တယ်လီဖုန်းဆက်ပါ၊ မနက်ကျရင်တော့ မင်းကို ငါ လိုက်မပို့တော့ဘူး၊ အစည်းအဝေး တက်စရာရှိလို့၊ ဒါနဲ့ မင်းလက်က ဝတ်ထားတဲ့ လက်အိတ်ကလေးက ရွှယ်တောင့်ဆီကရတဲ့ လက်အိတ်ကလေးလား၊ အဲဒါလေးကိုတော့ မပျောက်အောင် လုပ်ဦး" ဟု ပြောရင်း အဆောင်အတွင်းသို့ ဝင်သွားပါသည်။

ကျွန်တော်က နှင်းမှုန်ကြားမှ လရောင်ကို ငေးရီရင်း ရွှယ်တောင့်ဆီကရသည့် လက်အိတ်ကလေး စွပ်ထားသော လက်ဖဝါးနှစ်ဖက်ကို ပါးပြင်တွင် ညင်သာစွာ ဖိကပ်ထားလိုက်မိပါသည်။

***